ကျောက်မှော်အုပ်စုဇီးကုန်းကျေးရွာ

ထီးချိုင့်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျောက်မှော်အုပ်စုဇီးကုန်းကျေးရွာ၊ထီးချိုင့်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ထီးချိုင့်မြို့နယ်မှ ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဇူလိုင်

မာတိကာ

မာတိကာ ၁

စကားချီး ၅

ဇီးကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၆

ဇီးကုန်းကျေးရွာရာသီခွင်ပြမြေပုံ၊ထီးချိုင့်မြို့နယ် ၇

ဇီးကုန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအမည်စာရင်း ၈

၁။ နိဒါန်း ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်း ဖော်ပြချက်

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၂။ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်

၃။ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၀

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၂

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

(ဂ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦ လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

၅။ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ ၁၅

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

၆။ ပန်းတိုင်နှင့် ဗျူဟာ ၁၅

(က) ဖွံ့ဖြိုးရေးပန်းတိုင်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

နောက်ဆက်တွဲ ၁၆

(က)လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ ၁၆

ဇယား(၁) ဧီးကုန်းကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊ မ အလိုက် အနည်းဆုံး လုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၅) ဓါတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

(ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

ဇယား(၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲ
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား(၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ

ဇယား(၄၇) ဘေးလင်းလုံခြုံရေး၊ ဝန်ဆောင်မှုများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှု အခြေအနေ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၅၈

ဦးစားပေးစီမံချက်လုပ်ငန်းများ ၅၉

နှစ်အလိုက်စီမံချက်လုပ်ငန်းများ ၆၀

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် (၂၀၁၉ - ၂၀၂၀) ဘဏ္ဍာရေးနှစ်မှ (၂၀၂၃ - ၂၀၂၄)ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ပထမအကြိမ်လူအများပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ၂၀၁၉ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျွန်ုပ်တို့ကျေးရွာအပါအဝင် ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာ(၅)ရွာအား သင်တန်းပို့ချ၍ ကျေးရွာလက်စွဲစာအုပ်များ ပေါ်ထွက်အောင် သင်ကြားဆောင်ရွက်ပေးသော်လည်း အခုမှ တွေ့ကြုံရသော ကျွန်ုပ်တို့အတွက် ဤစာအုပ်ဖြစ်ရန် အခက်အခဲများ ကြုံတွေ့ခဲ့ရပါသသည်။ သို့သော်လည်း ယခုကျေးရွာဖွံ့ဖြိုးရေးစီမံချက်ကြီးသည် ကျွန်ုပ်တို့ကျေးရွာကို ချပေးလိုက်သည့်အတွက် ကျွန်ုပ်တို့တစ်ရွာလုံးဝမ်းသာပီတိဖြစ်ပြီး အခက်အခဲများ အားလုံးကို တစ်ရွာလုံးညီညီညွတ်ညွတ်ကျော်ဖြတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်ဟု ထခဲနက် အဓိဌာန်ပြုကြပါသည်။

ကျွန်ုပ်တို့ကျေးရွာသည် (၉.၁၁.၂၀၁၈)နေ့ညမှစ၍ လျှပ်စစ်မီးလင်းခဲ့ပါသည်။ မီးလင်းခဲ့သော်လည်း ကျေးရွာသူ/သား အတော်များများမှာငွေအဆင်မပြေဘဲ လင်းခဲ့ရသည့်အတွက် ယခုအချိန်ထိ အခက်အခဲနှင့် ကြုံတွေ့နေကြပါသည်။ သို့သော်လည်း ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အား ဆောင်ရွက်နိုင်စေရန် မိမိတို့ကျေးရွာအား ရွေးချယ်၍ ဆောင်ရွက်စေခဲ့သော လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာဦးစီးဌာနများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကြောင့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ဤလုပ်ငန်းသည် ရေရှည်ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းပေါ်မူတည်၍ အောင်မြင်မှုတိုးတက်မှု ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ယခုဆောင်ရွက်သော ဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ပံ့ပိုးမှုများကြောင့် အောင်မြင်မှုရှိမည်မှာ သေချာပါသည်။ဆက်လက်၍ နောင်တွင်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျွန်ုပ်တို့ကျေးရွာသို့ ပံ့ပိုးကူညီမှုရရှိပါကလည်း အောင်မြင်စွာ ဆောင်ရွက်သွားပါမည်။

ဇန်နဝါရီလ၊၂၀၁၉ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဇီးကုန်းကျေးရွာ၊ ထီးချိုင့်မြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ ကျောက်မှော်အုပ်စု၊ ဇီးကုန်းကျေးရွာ၏
သင်္ကေတပြ မြေပုံ



| ၀ | ၀ | ၀ |

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP)လုပ်ငန်းဆောင်ရွက်သော စီမံကိန်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးကော်မတီအမည်စာရင်း

စဉ်	အမည်	အဖအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးသိန်းဌေး	ဦးသန်းမောင်	၅/ထခန(နိုင်)၀၀၅၅၇၀	၆၀	ဥက္ကဋ္ဌ	၀၉-၄၂၇၅၁၆၇၄၅
၂	ဦးအောင်ကျော်ဦး	ဦးဘပို	၅/ထခန(နိုင်)၀၀၃၃၈၀	၄၂	တွင်း/မူး	၀၉-၂၅၃၇၆၃၀၅၂
၃	ဦး၀င်းအောင်	ဦးတင်အေး	၅/ထခန(နိုင်)၀၀၅၃၈၀	၅၂	အဖွဲ့၀င်	၀၉-၂၅၇၄၉၅၄၄
၄	ဦးအောင်ငြိမ်း	ဦးတင်အောင်	၅/ထခန(နိုင်)၀၀၅၆၀၁	၅၀	စာရင်းကိုင်	၀၉-၄၂၉၁၉၆၃၀၀
၅	ဦးဇယျာမင်း	ဦးစံမိုင်	၅/ထခန(နိုင်)၀၄၆၈၂၂	၄၈	အဖွဲ့၀င်	၀၉-၄၄၃၅၁၃၇၅၇
၆	ဦးမောင်လွင်	ဦးမတ်သောင်	၅/ထခန(နိုင်)၀၀၅၅၈၈	၄၅	ဘဏ္ဍာရေးမှူး	၀၉-၂၅၇၂၇၅၂၄
၇	ဦးကျော်မင်းနိုင်	ဦးထွန်းန၉	၅/ထခန(နိုင်)၀၁၈၆၀၆	၄၄	အဖွဲ့၀င်	၀၉-၈၉၈၀၈၃၁၈၈
၈	ဦးသက်နိုင်ဦး	ဦးအောင်စိုး	၅/ထခန(နိုင်)၀၇၅၄၅၉	၄၉	အဖွဲ့၀င်	၀၉-၄၅၂၉၃၁၀၆
၉	ဦးကျော်နိုင်	ဦးထွန်းစိန်	၅/ထခန(နိုင်)၀၈၁၆၁၆	၄၆	အဖွဲ့၀င်	၀၉-၂၅၆၈၀၈၀၉၁
၁၀	ဒေါမိုးကူ	ဦးဖိုးကြွး	၅/ထခန(နိုင်)၀၅၈၁၈၉	၄၀	အဖွဲ့၀င်	၀၉-၇၇၄၆၁၈၄၇၄
၁၁	ဒေါစန်းစန်း၀င်း	ဦးနွားမောင်	၅/ထခန(နိုင်)၀၀၅၃၂၈	၄၁	အဖွဲ့၀င်	၀၉-၄၂၉၆၃၉၁၅၇
၁၂	ဒေါအေးအေးစန်း	ဦးဆယ်သွင်	၅/ထခန(နိုင်)၀၈၁၅၃၅	၄၇	အဖွဲ့၀င်	၀၉-၄၉၂၄၀၁၀၁
၁၃	ဒေါဆန်းယဉ်	ဦးသာအေး	၅/ထခန(နိုင်)၀၁၈၆၁၆	၄၃	အဖွဲ့၀င်	၀၉-၈၉၈၀၈၃၁၈၈

(၁) နိဒါန်း

(က) ရည်ရွယ်ချက်

ဤကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကလည်းဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲမှုလည်း အတွေ့အကြုံရှိခဲ့ဘူးပါသည်။ ဤကဲ့သို့ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ၎င်းအချက်အလက်များကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည့်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများ ရရှိရန် အရေးကြီးကြောင်း သိရှိမိလာသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတား ဖြစ်စေသော အချက်များ၊ စိန်ခေါ်မှုများကို အောင်မြင်မှု ရရှိရန်အတွက် ရည်မှန်းချက်များ၊ ရည်ရွယ်ချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေဖြင့် ဆောင်ရွက် ရမည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထိုပြင် ဦးစားပေး လုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် နည်းလမ်းကောင်း များကိုလည်း ဖော်ပြထား ပါသည်။

ဤကဲ့သို့ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်ရေးဆွဲခြင်းဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်များ ဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ အရပ်ဖက်လူမှုရေး အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှု ရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သတ်မှုမှန် သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှု ကို သိရှိစေရန် ရည်ရွယ်ပါသည်။

(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းစဉ်များ ရေးဆွဲပြီး မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အတန်းရ အဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ သို့မှသာ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များ အစိုးရမဟုတ်သော(NGO)အဖွဲ့များ၊ အလှူရှင်အဖွဲ့အစည်းများ ဘဏ်လုပ်ငန်းရှင်နှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များတို့မှ ကျေးရွာ လူထု၏ အမှန်တကယ်လိုအပ်ချက်များ၊ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ကျေးလက်ဒေသရှိ ငွေကြေးလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်များကို ချိတ်ဆက်မှုများ ရရှိလာနိုင်မည်ဖြစ်ပြီး ၎င်းတို့ အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစည်းညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါသည်။

(ဂ) စီမံကိန်း၏ လွမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရရှိမည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက် ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ထီးချိုင့်-ကသာ အမှတ်(၃)ခရိုင်ချင်းဆက်လမ်းပေါ်တွင် တည်ရှိပြီး လက်ရှိတွင် အုပ်ချုပ်ရေးရုံးစိုက်ရာ ထီးချိုင့်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူပါသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ဒေသ၏တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မ (၆၀)မှ (၈၀)ဝန်းကျင်တွင်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် အသင့်အတင့်အထောက်အကူဖြစ်စေပါသည်။ ကျေးရွာ၏အချို့သော လယ်ယာမြေများသည် ဧရာဝတီမြစ်ရေကြီးချိန်၌ ရေဝင်ရောက်မှုများ ရှိပါသည်။ လယ်ယာမြေများသည် စပါး၊ ပဲစိုက်ပျိုးရန်နှင့် တပိုင်တနိုင်အပင်များစိုက်ပျိုးရန်အတွက် အဓိကအားထားရာဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်

ကျွန်ုပ်တို့ကျေးရွာသည် လယ်၊ ယာ၊ ကိုင်းမြေများရှိပြီး၊ မြေပြန့်ဒေသများပါသည်။ နွေလယ်ဧက(၇၅)ရှိပြီး ယာမြေ( )ဧကနှင့် ကိုင်းမြေ( )ဧကရှိပါသည်။ လယ်မြေများမှာ မိုးရေသောက်မြေများဖြစ်သောကြောင့် မိုးအလွန်ခေါင်သောနှစ်များတွင် စိမ့်စမ်းရေများ၊ ချောင်းရေများနည်းပါးသောကြောင့် လယ်တောင်သူများအကြပ်အတည်းလည်း ကြုံရပါသည်။ မြေအောက်ရေကိုလည်း လုံလောက်စွာ မရပါ။ကျွန်ုပ်တို့ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊မြေပဲ၊ နေကြာစသည်သီးနှံများကို အဓိကစိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၀၇)စု ကျား(၄၂၄)၊ မ (၄၆၃) ဦး၊ စုစုပေါင်း (၈၈၇)ရှိပါသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မျှတမှု

စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်ကြပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ အကောင်း ဆုံးမဟုတ် သော်လည်း အသင့်အတင့်ကောင်းမွန်ပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏(၁၅%)သည် ဆင်းရဲအဖြစ်သတ်မှတ်ပြီး၊ ကျေးရွာ၏စီးပွားရေးသည် အလယ်အလတ်ရှိသည်ဟု သတ်မှတ်ရပါမည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လယ်ယာသုံးစက်ကိရိယာ၊ ကျွဲ၊ နွား၊ ပိုင်ဆိုင်မှုနှင့်အခြား စက်မှုလက်မှုပိုင်ဆိုင်မှုများလည်း ကောင်းမွန်ပါသည်။

ဆင်းရဲသော အိမ်ထောင်စုများမှာလည်း လယ်ယာလုပ်ငန်း ကိုင်းလုပ်ငန်းများတွင် နေ့စားအဖြစ် ပါဝင်လုပ်ကိုင်ကြ၍ အသင့်အတင့်အဆင်ပြေကြသော်လည်း အချို့မှာ မိမိကျေးရွာမှထွက်ပြီး အခြားရပ်နီးရပ်ဝေးများတွင် သွားရောက်လုပ်ကိုင်သူများလည်း ရှိနေပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်ုပ်တို့ကျေးရွာတွင် အလွန်ဆင်းရဲသော အိမ်ထောင်စု(၁၀%)ခန့်ရှိသည့် ၎င်းအိမ်ထောင်စုများသည် မိမိအိမ်ထောင်စုလုပ်အားခနှင့်နပ်မှန်အောင် စားနိုင်သော်လည်း ကျန်းမာရေးမကောင်းသောအချိန်မှာတွင် အခက်အခဲများ ဖြစ်ကြပါသည်။

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်ုပ်တို့ကျေးရွာသူ/သားများသည် (၉၀%)ခန့် ကျန်းမာရေးကောင်းမွန်ကြပါသည်။အဟာရအနေဖြင့်လည်း၊ ဟင်းသီးဟင်းရွက်ကို ရာသီမရွေးစိုက်ပျိုးကြသောကြောင့် ထီးချိုင့်စေ့းမှာ မိမိခြံထွက်အသီးအရွက်များ ရောင်းရင်းအသားငါးများကို အလွယ်တကူဝယ်ယူရတာကြောင့် အဟာရအတွက် မပူပင်ရပါ။ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများလည်း ကျန်းမာကြပါသည်။ကျန်းမာရေးမကောင်းဖြစ်ခဲ့လျှင်လည်း ထီးချိုင့်မြို့နယ်ဆေးရုံကြီးကို အချိန်မီသွားရောက်ကုသနိုင်ပါသည်။အုပ်စုကျန်းမာရေးဌာနကလည်း လစဉ်လာရောက်ပြီး ကျန်းမာရေးအသိပညာပေးမှု စောင့်ရှောက်မှုများရှိ၍ ကျန်းမာရေးအသိအမြင်များ ရရှိကြပါသည်။

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အသင့်အတင့်ရှိကြောင်း တွေ့ရပါသည်။ အခြေခံပညာမူလတန်း အဆင့်အောင်မြင်သူများပြီး စာမတတ်သူမရှိသလောက်နည်းပါးပါသည်။ ဘွဲ့ရအရေအတွက်မှာ နည်းပါးမှုရှိပါသေးသည်။ ကျေးရွာတွင် မူလတန်းကျောင်းသာရှိပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ မူလွန် အဆင့်ရရှိ၍ အလယ်တန်းနှင့် အထက်တန်း ပညာများကို မြို့ကျောင်းတွင် သင်ကြားနေကြရပါသည်။ စီးပွားရေးအခြေခံအားနည်းသူများမှာ သင်ကြားနိုင်ခြင်းမရှိပါ။ အသက်မွေးဝမ်းကျောင်းမှလက်မှုပညာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပါသည်။လယ်ယာလုပ်ငန်းခွင်ရှိနေ၍ အလုပ်အကိုင်အသင့်အတင့် ရှိပါသည်။

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမဆိုင်ရာတာဝန်ယူမှုအပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက်များနေသော်လည်း အလယ်တန်းတွင် ယောကျ်ားလေးဦးရေ အနည်းငယ်များပါသည်။ အထက်တန်းနှင့် တက္ကသိုလ်များတွင် အရေအတွက်မှာ ကျားအရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုး သားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီး များသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့

အစည်းများတွင်မှ အမျိုးသမီးပါဝင်မှုတို့မှာ မရှိသလောက်ပင် ဖြစ်ပါသည်။ ကျားမတန်း တူညီမျှမှုနှင့် ပတ်သတ်၍ အမျိုးသမီးများဦးဆောင်ရှေ့ထွက်ဆောင်ရွက်တတ်စေရန် အလေ့အကျင့်များ ပြုလုပ်ပေးရန် လိုအပ်လျက် ရှိပါသည်။

၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာ လူမှုရေးအသင်းအဖွဲ့ဖြစ်သော၊ လူလတ်၊ အပျို၊ လူပျို၊ မိန်းမလတ်ဂေါပကအဖွဲ့များဖွဲ့စည်းထားမှုရှိပါသည်။ မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့များလည်း ရှိပါသည်။ ကျေးရွာတွင်းလူမှုရေးအဖွဲ့များသည် အုပ်ချုပ် ရေးမှူး၏ ဦး ဆောင် မှုအောက်တွင် ရှိပြီးကျေးရွာ၏ သာရေး၊ နာရေး၊ ဘာသာ၊ သနာရေး၊ ယဉ်ကျေးမှုတို့ကို ပါဝင်လှုပ်ရှားမှုမှာ ညီညွတ်၍ အားကောင်း သော တက်ကြွမှုရှိပါသည်။ အမျိုးသမီးရေးရာ မိခင်နှင့်ကလေးအသင်းတို့သည် လှုပ်ရှား ဆောင်ရွက်မှု အားနည်းလာသည်။ သို့ဖြစ်၍ အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများရရှိနိုင်ပါက ပိုမိုတိုးတက် ကောင်းမွန်နိုင်ပါသည်။

(ခ) သီးနှံနှင့်သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာသည် စိုက်ပျိုးရေး အဓိကထားသော ကျေးရွာဖြစ်ပြီး မိုးစပါး(၈၅၁.၁၁)ဧက၊ နွေစပါး(၁၉၃.၃၄) ဧက၊ မြေပဲ(၇၀)ဧက၊ နေကြာ(၅၀)ဧကတို့ စိုက်ပါသည်။ မြေပဲ၊ နေကြာမှာ သီးထပ်စိုက်ပျိုးခြင်း ဖြစ်ပါသည်။ မိုးစပါးမှာ (၁)ဧက ပျမ်းမျှထွက်တင်း(၈၀)မှ(၁၀၀)အတွင်း ထွက်ရှိပြီး နွေစပါးမှာ(၁)ဧကပျမ်းမျှထွက်နှုန်း(၁၀၀)မှ(၁၂၀)တင်းထွက်ရှိပြီး မြေပဲ(၁)ဧကလျှင် ပျမ်းမျှ(၄၀)မှ(၅၀)တင်းခန့်နှင့်နေကြာ(၁)ဧကလျှင်(၁၅)တင်းတို့ ထွက်ရှိကြပါသည်။

စိုက်ပျိုးရေးနည်းပညာအားဖြင့်လည်း စိုက်ပျိုးရေးကုမ္ပဏီအဖွဲ့အစည်းအသီးသီးမှ လာရောက်၍ အသိပညာပေးဟောပြောပွဲများပြုလုပ်၍ ဝန်ဆောင်မှုများလည်း ရရှိပါသည်။စက်ပစ္စည်းများထွန်းကားနေပြီဖြစ်၍ လယ်ယာသုံးကရိယာများနှင့်အသုံးပြုရပြီး အဆင်ပြေသူရှိသလို အဆင်မပြေသူများကလည်း မိမိပိုင်ကွဲ၊နွားများနှင့်မနိုင်ကြ၍ စက်များငှားသုံးရသူများလည်း ရှိပါသည်။ အလုပ်သမားများအနေနှင့် ကောက်စိုက်ပျိုးနုတ်မှုများ မဖြစ်မနေလုပ်ကိုင်နေရသည့်အတွက် အခက်အခဲများ ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးလုပ်ငန်းမှာ အကြီးအကျယ်မရှိသော်လည်း တပိုင်တနိုင်မွေးမြူရေး အနေဖြင့် ကြက်၊ ဝက်၊ နွားများကိုတော့ မွေးမြူခြင်း ဖြစ်ပါသည်။ ငါးမွေးမြူရေးမှာ စီးပွားဖြစ် မွေးမြူခြင်း မရှိပါ။ လယ်ရေသောက်ကန်များမှာသာ အသင့်အတင့်မွေးမြူကြပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှုလုပ်ငန်းအသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ မရှိပါ။ စက်ချုပ်လုပ်မှုလုပ်ငန်းပြုသူ(၃)ဦး ရှိပါသည်။ လက်သမား(၅)ဦး ပန်းရံ(၅)ဦးရှိပြီး ပန်းပဲလုပ်ငန်းလုပ်သူ မရှိပါ။လက်လုပ်လက်စားများမှ စိုက်ပျိုးရေးကျေးရွာဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်ကိုင်ကြ၍ နွေးမိုး၊ ဆောင်း၊ အလုပ်အကိုင်အသင့်အတင့်ရှိပါသည်။အချို့ရွာသားများမှာ အပိုဝင်ငွေရရန် အတွက် အခြားမြို့များသို့ သွားရောက်လုပ်ကိုင်သူ အနည်းငယ်ရှိပါသည်။

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင်ရှိသော ရွာသူရွာသားများသည် လျှပ်စစ်မီးရရှိနေပြီးဖြစ်၍ စားသောက်ရေးလုပ်ငန်းများတွင် လျှပ်စစ်မီးနှင့်ချက်သူများချက်ကြ၍ ထင်းနှင့်ချက်သူများလည်း ရှိပါသည်။ ကျေးရွာ၏အနောက်ဖက်တွင် တောတောင်များရှိ၍ ရာသီဥတုမှာသင့်တင့်မျှတမှုရှိပါသည်။

ရေအရင်းအမြစ်အနေဖြင့် ၎င်းတောတောင်များအခြေခံပြီး စိမ့်စမ်းရေများရရှိ၍ သောက်သုံးရေနှင့် စိုက်ပျိုးရေ(၂)မျိုးလုံး ရရှိပါသည်။ မြေအောက်ရေတူးဖော်၍ မရပါ။ ယခင်ကတောတောင်များထူထပ်ပေါများသော်လည်း ယခုအခါကျေးရွာသားများသာမက အခြားကျေးရွာများမှ ခုတ်ယူနေသောကြောင့် သစ်တောများပြုံးတီး၍ စိမ့်စမ်းရေများပါခန်းခြောက်စပြုလာပါသည်။သစ်တောများ ပြုံးတီးရခြင်း၏အကြောင်းမှာ အဓိက အုတ်ဖုတ်လုပ်ငန်းများမှ ခုတ်ယူခြင်းကြောင့် ဖြစ်ပါသည်။

တောတောင်များအတွင်းတွင်လည်း သဘာဝတိုင်းရင်းဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိပါသည်။မုန်းတိုင်းအန္တရာယ်၊ ငလျင်အန္တရာယ်များကတော့ မခံစားရသလောက်ဖြစ်ပါသည်။ ရေကြီးရေလျှံအန္တရာယ်ကတော့ အောက်ပိုင်းမြေနိမ့်ပိုင်းများဖြစ်သော ကိုင်းမြေနှင့်မိုးလယ်များအသင့်အတင့် ပျက်စီးရပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေကို အတိုးနှုန်းသက်သာစွာဖြင့် မိုး/ဆောင်း(၂)ရာသီချေးယူသုံးကြပါသည်။ ဟိုယခင်က(၁)ဧကကို(၁)သိန်းနှုန်းပေးခဲ့ပါသည်။(၂၀၁၆-၂၀၁၇)ခုနှစ်မှစ၍(၁)ဧက(၁.၅)သိန်းနှုန်းဖြင့် ထုတ်ချေးပေးခဲ့ပါသည်။ ၎င်းစိုက်ပျိုးစရိတ်ချေးငွေအပြင် မြို့နယ်သ/မဝါယမအသင်းစုမှလည်း ကျေးရွာများတွင်လည်း သ/မအသင်း များဖွဲ့စည်းပေးပြီး အတိုးနှုန်းသက်သာစွာနှင့်ထုတ်ချေးပေးခဲ့သောငွေကိုလည်း သုံးကြရပါသည်။နေ့စားလုပ်စားသူများမှာ အရေးတကြီးအခက်အခဲကြုံလာလျှင် ပြေလည်သောတောင်သူကြီးများထံမှ လုပ်အားခကြိုယူခြင်းဖြင့် ၎င်းအတိုးနှင့်ချေးယူသုံးခြင်းဖြင့်လည်းကောင်း ယူသုံးကြရပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် ယခင်ကမူလတန်းကျောင်းသာရှိသော်လည်း ယခု (၂၀၁၇-၂၀၁၈)ပညာသင်နှစ်စပြီး မူလွန်ကျောင်းရရှိပြီး အလယ်တန်းအဆင့်သင်ကြားခွင့်ရကြပါသည်။ အထက်တန်းပညာကိုကျေးရွာနှင့်(၃)မိုင်ခန့်ဝေးသော ထီးချိုင့်မြို့အ.ထ.ကကျောင်းမှာ ဆက်တက်ကြပါသည်။ ကျောင်းသူကျောင်းသားများသည် စက်ဘီး၊ သုံးဘီးများနှင့်အဆင်ပြေသလိုတက်ရောက်၍ ပညာသင်ကြားကြရပါသည်။ဘွဲ့ရပညာတက်များ အတော်အသင့်ရှိလာပြီး စာမတက်သူများကတော့ မရှိသလောက်ဖြစ်ပါသည်။အသက်အရွယ်ကြီးသူများမှာလည်း ယခင်ကအသုံးလုံးပညာသင်ကြားပေးခဲ့မှုကြောင့် အသင့်အတင့်တက်မြောက်ကြပါသည်။

ကျန်းမာရေးအခြေအနေမှာလည်း ယခင်ကငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါများ အသင့်အတင့်ရှိခဲ့သော်လည်း မြို့နယ်ကျန်းမာရေးဌာနမှ ဆေးစိမ်ခြင်ထောင်များ အခမဲ့ပေးဝေခြင်း တီဘီဆေးများအခမဲ့တိုက်ကျွေးခြင်း ကျန်းမာရေးဌာနမှ အသိပညာပေးဆွေးနွေးခြင်းများ ကျေးဇူးကြောင့် အသိပညာများရရှိပြီး ယခုအခါတွင် ရောဂါဖြစ်မှုအလွန်နည်းသွားပါ သည်။ အနီးရှိအုပ်စုဆေးပေးခန်းရှိ၍လည်း အဆင်ပြေပါသည်။ မြို့နယ်နယ်ဆေးရုံနှင့်အလွန်မဝေးသောကြောင့် အချိန်မှီ ကုသနိုင်ပါသည်။

ကျေးရွာသောက်သုံးရေနှင့် ပတ်သက်၍ ကျွန်ုပ်တို့ကျေးရွာတွင် (၂၀၁၁)ခုနှစ်က မြို့နယ်အကူအညီဖြင့် သန့်ရှင်းသော သောက်သုံးရေအတွက် စိမ့်စမ်းရေကို ယခုအချိန်ထိ ရွာ၏(၃/၄)ခန့် သုံးစွဲနေရပါသည်။အချို့ရွာသားများက ထီးချိုင့်မြို့သွားရာလမ်းဘေးရွာနှင့်(၂)ဖာလုံခန့်တွင်သောက်ရေအလွန်သောက်ကောင်းသော ရေတွင်းမှာ ဆိုင်ကယ်/စက်ဘီးများနှင့် ခတ်ယူသောက်သုံးကြပါသည်။ကျေးရွာတွင် ရွာတစ်ဝက်ခန့်သာ အဝီစီတွင်းများ တူး၍သုံးကြပါသည်။ထို့ကြောင့် ကျွန်ုပ်တို့ရွာသည် သောက်သုံးရေအတွက် အခက်အခဲမရှိကြပါ။ရွာသားအားလုံးနီးပါး ယင်လုံအိမ်သာသုံးစွဲသောကြောင့် ရောဂါဖြစ်ပွားမှု နည်းပါးပါသည်။ကျောင်းကျန်းမာရေးအနေဖြင့် အိမ်သာအပြည်အစုံ

ရှိပြီး ကျောင်းဝင်းအတွင်းမြေအောက်ရေရရှိသောကြောင့် အခက်အခဲမရှိဘဲ အားလုံးအဆင်ပြေကြပါသည်။သို့ဖြစ်ပါ၍ ရေနှင့်ပတ်သက်သောရောဂါ အိမ်သာနှင့်ပတ်သက်သောရောဂါများ တရွာလုံးကင်းဝေးကြပါသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်ုပ်တို့ကျေးရွာ လူငယ်များအတွက် သီးသန့်အပန်းဖြေအနားယူရန်နှင့် အားကစားပြုလုပ်ရန် နေရာမရှိပါ။ ကျေးရွာရှိ လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများ၊ ရိုးရာဓလေ့ပွဲတော်များတွင်တော့ တက်ကြွညီညွတ်စွာပါဝင်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

(ဇ) အခြေခံအဆောက်အဦး လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်းရှိ လူနေအိမ်အဆောက်အဦများသည် သစ်ဝါးများဖြင့် ဆောက်လုပ်နေထိုင်သူများပါသည်။ အချို့မှာနံကပ်တိုက်များ ဆောက်လုပ်ပြီး နေသူများလည်းရှိပါသည်။ လူနေမှုအဆင့်အတင့်ကောင်းမွန်ပါသည်။ရွာဝင်လမ်း ရွာတွင်လမ်းများမှာ နွေပိုင်း၊ ဆောင်းပိုင်းမှာ သင့်တင့်စွာကောင်းသော်လည်း မိုးတွင်း၌ ဗွက်များဖြစ်သောကြောင့် သွားရေး၊ လာရေးမှာ အခက်အခဲရှိပါသည်။ မီးလင်းမှုအခြေအနေမှာ(၉.၈.၂၀၁၈)နေ့မှစ၍(၂၄)နာရီမီးရရှိခဲ့ပါသည်။သို့သော်လည်း အိမ်ခြေ (၁၀၀) ကျော်ခန့်က မီးယူနိုင်ခဲ့သော်လည်းကျန်အိမ်ထောင်စုများမှာ ဆိုလာမီးများဖြင့် အဆင်ပြေကြသောကြောင့် မီးလင်းရေးမှာအခက်အခဲမရှိဟု ဆိုနိုင်ပါသည်။

ကျေးရွာရှိသတင်းအချက်များအနေဖြင့် မိုဘိုင်းဖုန်းများကို အသုံးပြုကြပြီး တာဝါတိုင်များရှိခြင်းကြောင့် ဆက်သွယ်မှု ကောင်းမွန်ပါသည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ကျေးရွာသူ/သားများ အေးချမ်းသာယာစွာနေထိုင်စားသောက်လုပ်ကိုင်ကြပါသည်။ရာဇဝတ်မှုများ၊ မုဒိမ်းမှုများ၊ခိုးမှုများ၊ မရှိသလောက်နည်းပါးပါသည်။(၂၀၁၈)ခုနှစ်ထဲမှာ ယခင်ကဆေးမှု(၁)မှု ဖြစ်ခဲ့ပါသည်။မြို့နယ်ရဲစခန်း၊ တိုက်နယ်ရဲစခန်းများနှင့်(၃)မိုင်ခန့်သာဝေးသောကြောင့် လုံခြုံမှု လက်လှမ်းမီစွာရှိပါသည်။တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးဟောပြောပွဲများမပြတ်ပြုလုပ်ပေး၍ ကျေးရွာသူ/သားများ အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်ကြပါသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို ကိုယ်ထူကိုယ်ထစနစ်ဖြင့် သွယ်တန်းတပ်ဆင်ထားပြီးဖြစ်၍ လျှပ်စစ်မီးဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူကျောင်းသားများအတွက် စာဖတ်ချိန်အထောက်အပံ့ဖြစ်စေခြင်း စသောလူနေမှု အဆင့်အတန်းမြင့်မားလာရေးအတွက် အထောက် အကူပြုနေပါသည်။

လူငယ်ပညာတက်များရှိပြီး လူဦးရေအားလုံး၏(၆၈%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ကျေးရွာတွင် ဘွဲ့ရပြီးအရေအတွက်(၂၀)ဦးရှိသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး စိုးရိမ်ရသောဆေးဝါးကုသမှုအတွက်လည်း ထီးချိုင့်မြို့နယ်ဆေးရုံနှင့် ကသာခရိုင်မြို့နယ် ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုခံယူကြသည်။ လက်ရှိပညာရေးအနေအထားအတွက် လည်း

သင့်တင့်သော အဆင့်တွင် ရှိနေကြသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီမြေဩဇာအတော်အသင့်ကောင်းမွန်သည်။ မြို့နယ်ဆက်သွယ်သောလမ်းကောင်းမွန်၍ မဝေးလှသဖြင့် တောင်သူများသည် လယ်ယာထွက်ကုန်များကို အလွယ်တကူသယ်ယူပို့ဆောင်နိုင်သည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းပါသည်။

(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျေးရွာရှိလယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့်ကောင်းမွန်သော်လည်း အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေထပ်မံတိုးချဲ့ရန် မဖြစ်နိုင်၍ လယ်သမားများ အထွက်နှုန်းမကျဆင်းအောင် အားစိုက်ရပေမည်။

ကျေးရွာရှိလယ်ယာမြေများသည် မိုးရေခံလယ်များ များပြားသဖြင့် မိုးခေါင်သောနှစ်များတွင် လယ်ယာစိုက်ပျိုးရန် အခက်အခဲကြုံတွေ့ကြရပြီး ရေသွင်းစိုက်ပျိုးနိုင်ရန် ဆောင်ရွက်ရပါက ကုန်ကျစရိတ်များပြားကြပါသည်။

တောင်သူများအနေဖြင့် စိုက်ပျိုးရေးချေးငွေများရရှိကြသော်လည်း အုပ်စုအလိုက်ကျေးရွာအလိုက်ငွေကြေးမှ ပြန်ထုတ်ချေးပေးသောစနစ်ဖြစ်၍ ကြိုတင်ဆပ်ထားသောတောင်သူများအဖို့ အခက်အခဲကြုံတွေ့ကြရပါသည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းမရှိဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်း၊ တက်သိပညာ၊ အထိအတွေ့တို့ အားနည်းကြပါသည်။

၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ်ကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်-

(၁) ကျေးရွာအတွင်းရှိလမ်းများအား နွေမိုးဆောင်း သွားလာရေးလွယ်ကူစေရန် ပြုပြင်မွမ်းမံခြင်းနှင့် အဆင့်မြင့်တင်ခြင်းများ ဆောင်ရွက်ရန်

(၂) ကျွန်ုပ်တို့ရွာအား စာတက်မြောက်မှုနှုန်း ပိုမိုအားကောင်း၍ ကလေးငယ်များ၏လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရန်

(ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိစေရန် အောက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားပါမည်-

(၁) ကျွန်ုပ်တို့ကျေးရွာတွင်းလမ်းများ လက်ရှိအခြေအနေထက်ပိုမိုကောင်းမွန်စေရန် ရွာလူထုလုပ်အားနှင့်သော်လည်းကောင်း လွတ်တော်ထောက်ပံ့ငွေများနှင့်သော်လည်းကောင်း အလှူရှင်များရှာဖွေ၍သော်လည်းကောင်း နှစ်စဉ်နှစ်တိုင်းပြုပြင် ဆောင်ရွက်သွားမည်

(၂) ကျွန်ုပ်တို့ ကျေးရွာရှိ ကျောင်းဆောင် ပျက်စီးချို့ယွင်းမှုအား ပညာရေးဦးစီးဌာနနှင့် ချိပ်ဆက်၍ ပြန်လည်ပြုပြင်နိုင်ရန် ဆောင်ရွက်သွားမည်

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့်လူဦးရဆိုင်ရာအချက်အလက်များ

ဇယား (၁) ဇီးကုန်းကျေးရွာ၏လူဦးရနှင့် လူဦးရဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၈	၃	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅နှစ်အောက်ကလေးငယ်	၃၁	၂၈	၅၉
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၄၅	၃၄	၇၉
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၃၈	၅၀	၈၈
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၉၇	၃၁၁	၆၀၈
၆၅ နှစ်အထက်	သက်ကြီးရွယ်ကြီး	၁၆	၃၂	၄၈
စုစုပေါင်း		**၄၃၅**	**၄၅၈**	**၈၉၃**
စုစုပေါင်း အိမ်ထောင်စု (၁၇၈)		**အိမ်ခြေ - ၁၇၃**		

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

လေ့လာတွေ့ရှိချက်။ ။ဇီးကုန်းကျေးရွာသည် အိမ်ခြေ(၁၇၃)နှင့် အိမ်ထောင်စု(၁၇၈)ရှိပြီး ကျား(၄၃၅)၊မ(၄၅၈)၊စုစုပေါင်းဦးရေ(၈၉၃)ဦး ရှိပါသည်။ ကျေးရွာတွင်(၆၅)နှစ်အထက် သက်ကြီးရွယ်အို(၄၈)ဦးရှိသော်လည်း မိသားစု၏စောင့်ရှောက်မှုဖြင့် နထိုင်ကြပါသည်။ကျေးရွာတွင် မွေးရာပါစိတ်ပင်ဓါသွပ်သူ အသက်(၂၀)ခန့် အမျိုးသား(၁)ဦးရှိသော်လည်း မိသားစုစောင့်ရှောက်မှုအောက်တွင် နထိုင်လျက်ရှိပါသည်။အသက်(၁၅)နှစ်မှ(၆၅)နှစ်အတွင်း အလုပ်လုပ်နိုင်သည့် အရွယ်စုစုပေါင်း(၆၀၈)ဦးရှိရာ ကျေးရွာအနေဖြင့် လူသားအရင်းအမြစ်ပေါများသည်ဟု မှတ်ယူနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဧယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော်အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သချောစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၉၇	၃၂၈	၂၉	မငြ်□လတ် ၊ နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၇၅	၁၅၀	၄၄	မငြ်□လတ်၊ နိမ့်□
၂	**တိရစ္ဆာန် မွေးမျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မငြ်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြ်□လတ်□နိမ့်□
၃	**ငါးလုပ်ငန်း (ရချို/ရငေန်ငါး/ပုစွန် စသော ရသေတ္တာဝါများ ဖမ်းခြင်း၊မွေးမျိုခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မငြ်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြ်□လတ်□နိမ့်□
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မငြ်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြ်□လတ်□နိမ့်□
စိုက်ပျိုးမွေးမျိုးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရရှိလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရရှိလုပ်ငန်းအဖြစ်လုပ် ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သချောစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း				မငြိမ်လတ်တိုနိမ့်
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း				မငြိမ်လတ်တိုနိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း				မငြိမ်လတ်တိုနိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-		မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း			၁၀	မငြိမ်လတ်တိုနိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း				မငြိမ်လတ်တိုနိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆိပင်၊ အလှပငြ်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	၃	မငြိမ်လတ်တိုနိမ့်
	အလုပ်သမား / ဝန်ထမ်း				မငြိမ်လတ်တိုနိမ့်
၁၁	**လက်လီ-လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သချောစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၃	၆	၁	မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၆	**ပညာရေး၊ ကျွမ်းကျင်မှုဆိုင်ရာ နှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မငြိ□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မငြိ□လတ်□နိမ့်□
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သောအခြားဝင်ငွေ ရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သချောစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း	၃	၅		မြင့်□လတ်□နိမ့်☒
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား				
၂၁	**ပင်ပြအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့်□လတ်□နိမ့်□
	အလုပ်သမား / ဝန်ထမ်း				မြင့်□လတ်□နိမ့်□
	စုစုပေါင်း	**၁၇၈**	**၄၈၉**	**၈၇**	☒

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"အရအောက်တွင်**"မိသားစုဝင်လုပ်အား"**

ထပ်မံ ထည့်သွင်းကဖော်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနကေို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၌ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနသေည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ဧီးကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထား၍ အသက်မွေးဝမ်းကျောင်းပုံသြေ ကျေးရွာဖစ်ပါသည်။ နွေစေပါး၊ မိုးစပါးနှင့်မြေပဲ၊နကေြများကို(၂)သီးစားစိုက်ပျိုးကပြါသည်။ ကျေးရွာရှိအိမ်ထောင်စု(၁၇၈)အနက်(၉၇)အိမ်သည် ကိုယ်ပိုင်စိုက်ပျိုးရေးကို အဓိက လုပ်ငန်းအဖြစ် လုပ်ကိုင်ပီး အိမ်ခြေ(၇၅)အိမ်သည် အငှားစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ငန်း အဖြစ် လုပ်ကိုင်ကပြါသည်။ကျေးရွာတွင် ကိုယ်ပိုင်ကားမောင်း၍ အဓိက အသက်မွေးဝမ်းကျောင်း ပုံသြေအိမ်(၁)အိမ်ရှိပီး ကုန်စုံဆိုင်(၃)ဆိုင်ရှိသော်လည်း ၎င်းကုန်စုံဆိုင်ပိုင်ရှင်များသည် တခေါင်သူ လုပ်ငန်းလုပ်ကိုင်ကပြီး အပိုဝင်ငွေအဖြစ် လုပ်ကသြူများဖစ်ပါသည်။ အသက်(၇၀)ခန့်တစ်ဦးတည်း နသေော အိမ်(၁)အိမ်မှာ ဆွမျိုးသားချင်းများ အကူအညီဖြင့် ရပ်တည်နရေသော အမျိုးသမီးဖစ်ပါသည်။အသက်(၄၅)နှစ်အရွယ်အမျိုးသား(၁)ဦးတည်းနအေိမ်မှာ ၎င်းကိုယ်တိုင်အလုပ်လုပ်နိုင်သေးသည်ဖစ်၍ နေ့စားလုပ်စားသော အိမ်ဖစ်ပါသည်။

ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် မိသားစုဝင်လုပ်အား(၃၂၈)ဦးရှိပီး အငှားစိုက်ပျိုးရေးလုပ်ငန်းတွင် မိသားစုဝင်လုပ်အား(၁၅၀)ဦး ရှိပါသည်။ အငှားစိုက်ပျိုးရေးလုပ်ကိုင်သူ(၄၄)ဦးရှိပီး တွဲဖက်လုပ်ငန်းများအဖြစ် ကိုယ်ပိုင်ထွန်စက်မောင်း(၁)ဦး ကိုယ်ပိုင်သုံးဘီးမောင်း(၁)ဦး ကိုယ်ပိုင်ကုန်စုံ ဆိုင်ရောင်း(၂)ဦး ကိုယ်ပိုင်စက်ချုပ်သူ(၁)ဦးရှိပီး အစိုးရဝန်ထမ်းအဖြစ် တပ်မတော်တွင် တာဝန် ထမ်းဆောင်နသေူ(၁)ဦး ကျောင်းဆရာ/ဆရာမ(၂)ဦး စိုက်ပျိုးရေးရုံးဝန်ထမ်း(၁)ဦးရှိပါသည်။ထို အပြင် ကိုယ်ပိုင် ဆန်စက်လုပ်ကိုင်သူ(၁)ဦးရှိပီး ကုမ္ပဏီဝန်ထမ်း(၂)ဦးရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဧယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရတွေ့က်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၄၀၀၀	၄၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရချေို/ရငေန် ငါးဖမ်းခငြ်း၊ မွေးမြူခငြ်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ် လုပ်ရေး နှင့် သဘာဝရင်းမစ်ြများ ထုတ်လုပ်ခငြ်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပငြ်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆရံပင်၊ အလှပငြ်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမစ်ြ ... **ဦးတည်အုပ်စု ဆွေးနွေးခငြ်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖငြ်ွ လုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ဧီးကုန်းကျေးရွာသည် စိုက်ပျိုးရေးကို အဓိကအသက်မွေးဝမ်း ကျောင်းအဖစ် လုပ်ကိုင်ကပြီြ လက်လုပ်လက်စားများသည်လည်း စိုက်ပျိုးရေးအငှားလုပ်ငန်းဖငြ့် အသက်မွေးဝမ်းကျောင်းပကြပြီြ လုပ်အားခနှုန်းထားသတ်မှတ်၍ အမျိုးသမီးနှင့်အမျိုးသားများသည် ၁၀၀၀/-ကျပ် ကွာခြားချက်ရှိပါသည်။ အများဆုံးလုပ်အားခနှုန်းထားသည် အမျိုးသမီး ၅၀၀၀/- နှင့်အမျိုးသမီး၄၀၀၀/-ဖြစ်ပြီး အနည်းဆုံးလုပ်အားခနှုန်းထားသည် အမျိုးသား၄၀၀၀/-

ကျပ်နှင့် အမျိုးသမီး ၃၀၀၀/-ကျပ် ဖြစ်ပါသည်။

(ဂ) သဘာဝရင်းမစ်မြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး**(မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၅၃၂.၅	ကောင်း ☐	သင့်☒	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၃၃၇	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့် ☐	ညံ့ ☐
ဓနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	**၈၆၀.၅**	☒		

ရင်းမစ် ...(၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ဇီးကုန်းကျေးရွာတွင် လယ်ယာမြေ(၅၃၂.၅)ကော၊ မြေ(၃၃၇)ကော ရှိပါသည်။ လယ်ယာမြေအနဖြင့် မြေဆီလွှာ အရည်အသွေးအသင့်အတင့်ကောင်းမွန်သောကြောင့် အထွက်နှုန်း မလျော့လှပါ။ကိုင်း မရင်းမြေများမှာ ဧရာဝတီမစ်မြစ်ရတေက်သောကြောင့် နှုန်းမြေအသင့် အတင့်ကျ၍ အထွက်နှုန်းမညံ့ပါ။ ကောက်ကိုင်းလယ်မြေမှာ(၂)သီးစား စိုက်ပျိုးနိုင်ပါသည်။ ယာမြေ မှာမူ မြေဆီလွှာနည်းသောကြောင့် သဘာဝမြေသဇြာများထည့်ပြီး ဟင်းသီးဟင်းရွက်နှင့် နွားစာ ပဲခြင်းများ စိုက်ပျိုးကပြါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)	**အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ☐ သင့်☐ နည်း☐ မရှိ☒	လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ☐ သင့်☒ နည်း☐ မရှိ☐	လွယ်☒ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐ သင့်☐ နည်း☒ မရှိ☐	လွယ်☒ ခက်☐အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ☐ သင့်☐ နည်း☐ မရှိ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဧရိယာကုန်းကျေးရွာပိုင်နက်အတွင်း တွင်းထွက်သံယံဇာတများမရှိပါ။ ကျေးရွာအနောက်မှ စီးဆင်းခဲ့သောချောင်းမှ ချောင်းကျောက်အနည်းငယ်ထုတ်ယူသုံးစွဲလို့ရပါသည်။ သဘာဝအပင်မျိုးစိတ်များအနေဖြင့် သစ်ဝါးထင်းပင်အနည်းငယ်နှင့်ဆေးဖက်ဝင်အပင်များ အသင့်အတင့် ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေသော အိမ်ထောင်စု	**အလယ်အလတ်ရှိ သောအိမ်ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေလည် သောအိမ်ထောင်စု**
မြေယာပိုင်ဆိုင်မှု	**၁၂ကေနှင့်အထက်**	**၅ကေနှင့်၁၂ကေကြား**	**၅ကေအောက်**	မရှိ
